ကသပေါင်းကျေးရွာ

ကသပေါင်းကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လပွတ္တာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ် လ၊ ၂၀၁၈ ခုနှစ်

## မာတိကာ

မာတိကာ

ကသပေါင်းကျေးရွာ သယံဇာတပြမြေပုံ

ကသပေါင်းကျေးရွာ ရာသီခွင်ပြမြေပုံ

ကသပေါင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား


– ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအမည်အရင်း

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


# ကသပေါင်းကျေးရွာအုပ်စု၊ ကသပေါင်းကျေးရွာ သယံဇာတပြ မြေပုံ



# ကသပေါင်းကျေးရွာအုပ်စု၊ ကသပေါင်းကျေးရွာ ရာသီခွင်ပြ မြေပုံ



## ကသပေါင်းကျေးရွာအုပ်စု၊ ကသပေါင်းကျေးရွာ  အဖွဲ့အစည်းပြ မြေပုံ



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

ကသပေါင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ကသပေါင်းကျေးရွာအုပ်စုတွင်တည်ရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သဲကုန်းကျေးရွာ နှင့်ဆက်သွယ်သောရွာချင်းဆက်လမ်းရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် ဆက်သွယ်သောရွာချင်းဆက်လမ်းကန်ချောင်ရှိပြီး အနောက်ဘက်တွင် ဂေါင်းတိုကျေးရွာနှင့် ဆက်သွယ်သောရွာချင်းဆက်လမ်း ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် တောင်တန်းကြီးကျေးရွာနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်း ရှိပါသည်။ ကျေးရွာတွင် ကရင်လူမျိုးနှင့် ဗမာလူမျိုးများ နေထိုင်ကြပြီး ကရင်လူမျိုးအများစုနေထိုင်ကြပြီး ဗမာလူမျိုး မှာ လူနည်းစု ဖြစ်ပါ သည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာ ရှိ တောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာမြေများမှ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ကေပေါင်း(၈၈၈)ရှိပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင်ရာ သီပေါ်သီးနှံများ စိုက်ပျိုးကြသော ဥယျာဉ် ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

**၃။ ကျေးရွာရှိ ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်ဆောင်ရွက်ကြသော ပရဟိတအဖွဲ့၊ ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တို့မှာ ဆောင်ရွက်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျောင်းကော်မတီအဖွဲ့ ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ်မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေး နာရေး လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံး

ညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပအဖွဲ့ အစည်းအနေဖြင့် (Pact Myanmar) အဖွဲ့အစည်း ၊ITE အဖွဲ့အစည်း၊ Mercycrops အဖွဲ့ အစည်းနှင့် မေတ္တာအဖွဲ့အစည်းများ ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပြီး အဓိကစိုက်ပျိုး သီးနှံများမှာ စပါး၊ မတ်ပဲနှင့်ပဲတီစိမ်းတို့ ဖြစ်ပါသည်။ စိုက်ကေအများစုမှာ မိုးရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နွေရာသီတွင် ချောင်းမြောင်းနှင့်နီးသော လယ်ယာမြေကေ အချို့မှာ ချောင်းရေကိုအသုံးပြု၍ နွေစပါးစိုက်ပျိုးကြပါသည်။ နွေရာသီတွင် မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲများ စိုက်ပျိုးကြပါသည်။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ကေ ပျှမ်းမျှတင်း(၄၅) ထွက်ရှိပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်း အနေဖြင့် တစ်ပိုင် တစ် နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ ရာသီအလိုက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသောလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းအချို့နှင့် အသေးစားဝက်ရှော့လုပ်ငန်းများ လုပ်ကိုင် သူများ လည်းရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီး များသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်းရှိကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြား ကြပါသည်။ ကျေးရွာတွင် ပညာအမွေကို လက်ဆင့်ကမ်း သင်ကြားပေးနေ သော ဆရာ/မ (၆)ယောက်ရှိပြီး ကာသပေါင်းကျေးရွာတွင် မူလွန်အဆင့်သာ ရှိပြီးကျောင်း ဆောင်၂ဆောင်သာ ရှိသောကြောင့် မူကြို့ကလေးများအတွက် မူကြို့ကျောင်း ဆောင်သစ် ဆောက်လုပ်ပေမည်ဆိုပါက ကလေးများအတွက် ပိုမိုအ ဆင်ပြေနိုင် မည်ဖြစ် ပါသည်။ အထက် တန်းပညာရေးကို ကြာကန်ကျေးရွာသို့ သွားရောက်ပညာ သင်ကြား ရပါသည်။ တက္ကသိုလ်/ ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိပြည်သူများသည် အင်တာနက်ဖြင့် ချိတ်ဆက်ပြီး သတင်းအချက်အလက်များကို ဖတ်ရှု သိရှိရသဖြင့် ပြင်ပအသိပညာ ဗဟုသုတများစွာရရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက် လိုအပ်သောချေးငွေ ကိုမိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ကေလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေးပါသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့အစည်းအနေဖြင့် (Pact Myanmar) အဖွဲ့အစည်း ၊ITE အဖွဲ့အစည်း၊ Mercycropsအဖွဲ့အစည်းနှင့် မေတ္တာ အဖွဲ့အစည်းများမှ ကျေးရွာသူ/ သားများအား ငွေထုတ်ချေးပေးနေပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်းကျောင်းသား/သူပေါင်း (၁၂၅)ယောက်၊ အလယ်တန်းကျောင်းသား/သူပေါင်း (၆၁)ယောက်၊ အထက်တန်းကျောင်းသား/သူပေါင်း (၃၁)ယောက်နှင့် ဘွဲ့ရ(၃၀)ယောက်ရှိပါသည်။ ကျေးရွာတွင် မူလွန်ကျောင်းရှိနေခြင်းကြောင့် ရွာထဲရှိပညာသင်ယူနေသော ကျောင်းသား/သူများမှာ အလွန်အဆင်ပြေပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီ ဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာရှိကလေးသူငယ်များကို ကျန်းမာရေးဌာနမှ တာဝန်ရှိဆရာမများက အသက်အလိုက် သက်ဆိုင်ရာကာကွယ်ဆေးများ ထိုးပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်း များသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျေးရွာရှိကုန်စုံဆိုင်များတွင် ခေါင်းကိုက်၊ ဖျားနာခြင်းများအတွက် အကိုက်အခဲပျောက်ဆေးများ အလွယ်တကူရရှိနိုင်ပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာမြေဆီလွှာများပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်နွမ်း ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီး ပြည့်စုံပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

## (ဇ) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး ထိ ကျား/မတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့်  ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျောင်းဆောင်သစ် ရရှိရေးစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | တံတားအဆင့်မြှင့်တင်ရေးစီမံချက် | ၃ |
| ၄ | အခြေခံအဆောက်အဦ | မြေသားရေကန်ရရှိရေးစီမံချက် | ၄ |
| ၅ | အခြေခံအဆောက်အဦ | စာကြည့်တိုက်ရရှိရေးစီမံချက် | ၅ |
| ၆ | လျှပ်စစ် | လျှပ်စစ်မီးရရှိရေးစီမံချက် | ၆ |
| ၇ | လူငယ်နှင့် အားကစား | အားကစားကွင်းအဆင့်မြှင့်တင်ရေးစီမံချက် | ၇ |

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – အခြေခံအဆောက်အဦ | | | | | |
| • ကျောင်းဆောင်မလုံလောက်ခြင်း | • ကျောင်းသားဦးရေများပြားခြင်း<br>• ကျောင်းဆောင်အဦးယိုယွင်းလာခြင်း | • မြေနေရာရှိခြင်း<br>• ငွေကြေးထည့်ဝင်နိုင်ခြင်း<br>• လုပ်အားပါဝင်နိုင်ခြင်း | • ကျေးရွာမှ ငွေကြေး အလုံအလောက်မတက်နိုင်ခြင်း၊ ကျေး ရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီအဖွဲ့ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျောင်းဆောင်သစ် ရရှိ ရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေ မည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေ အနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • မိုးရာသီတွင် ကျေးရွာတွင်းသွာ းလာ ရန် ခက်ခဲခြင်း | • မြေသာလမ်းဖြစ်၍ မိုးရာသီတွင်ရွှံ့ဗွက် ထူခြင်းကြောင့် | • ကျေးရွာမှ လုပ်အား ဒါန ကူညီပေးနိုင် ခြင်း၊ လမ်းခင်းရန် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း | • ကျေးရွာမှ ငွေကြေးမ တတ်နိုင်ခြင်း၊ ရွာတွင်းလမ်း အဆင့် မြှင့်တင်ရေးစီမံချ က် ရေးဆွဲဆောင်ရွက် မှုမရှိခြင်း | • ရွာတွင်းလမ်း အဆင့် မြှင့်တင်ရေး စီမံချက် ရေး ဆွဲဆောင်ရွက်ခြင်း၊ ပြင်ပ အကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစု ဆောင်းခြင်း | • ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ– အခြေခံအအောက်အဦ | | | | | |
| • ကျေးရွာနှစ်ရွာခြား တွင် ရေမြောင်းရှိနေခြင်းကြောင့် လမ်းပန်း ဆက်သွယ်ရေး မလွယ်ကူ၊ သယ်ယူ ပို့ဆောင်ရေးမလွယ်ကူ | • ဆက်သွယ်ရေး တံတားမှာ သစ်သားတံ တား ဖြစ်နေခြင်း တံတားမှာ အကျယ် ကျဉ်းမြောင်းခြင်း ကြောင့် | • ကျေးရွာမှ လုပ်အား ဒါန ကူညီပေးနိုင် ခြင်း၊ ကျောက်၊သဲ၊ ဘိလပ်မြေစသည့် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း | • ကျေးရွာမှ ငွေကြေး မတတ်နိုင်ခြင်း၊ ကျေး ရွာမှ သက်ဆိုင်ရာဦး စီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာမှ တံတားဖြစ် မြောက်ရေးကော်မတီ အဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာဦး စီးဌာနသို့ တင်ပြခြင်း | • တံတားအဆင့်မြှင့် တင်ရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – ရေပေးရေး** | | | | | |
| • သောက်သုံးရေ လုံလောက်စွာမရရှိနိုင်ခြင်း<br>• | • အခြားရေအရင်း အမြစ်(ဥပမာ–စိမ့်စမ်း၊ ဆည်၊ အဝီစိတွင်း စသည်)မရှိခြင်း | • မိုးရေလှောင်ကန်၊ အုတ်ရေလှောင် ကန်များတည် ဆောက်ရန် အတွက်မြေနေရာပေး နိုင်ခြင်း၊ မိုးများခြင်း၊ | • ကျေးရွာ၏ငွေအင်အားထည့်ဝင်လိုစိတ်ရှိသော် လည်း စီးပွားရေး အခြေအနေအရငွေကြေး အခက်အခဲရှိခြင်း၊ | • အခြားအလှူရှင် များနှင့် သက်ဆိုင်ရာဌာ နများအားချိတ် ဆက် ဆောင် ရွက် ခြင်း | –ကျေးရွာ၏သောက် သုံးရေ အား အချိန်ရာသီမ ရွေးသုံးစွဲနိုင် ခြင်း |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – အသိပညာဗဟုသုတ | | | | | |
| • ကျေးရွာ၏လူငယ်များ အသိပညာ အားနည်းခြင်း၊ စာဖတ်အား နည်းခြင်း | • ကျေးရွာသူ/သားများ စာဖတ်ရန်စိတ်ဝင်စားမှုမရှိခြင်း | ကျေးရွာမှလုပ်အားနှင့်ငွေအင်အားအချို့ ထည့်ဝင် လိုစိတ် ရှိခြင်း၊ ဆောက်လုပ်ရန် မြေနေရာရှိခြင် | • ကျေးရွာ၏ငွေအင်အားထည့်ဝင်လိုစိတ်ရှိသော်လည်း စီးပွားရေးအခြေအနေအရငွေကြေးအခက်အခဲရှိခြင်း၊ ကျေးရွာသူ/သားများစာ ဖတ်ခြင်း အလေ့အထမရှိကြခြင်း | • အခြားအလှူရှင်များနှင့်သက်ဆိုင်ရာဌာနများအားချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးရွာသူ/သား များ စာဖတ်နှုန်းမြင့်မားလာအောင်စည်းရုံးဆောင်ရွက်ခြင်း၊ | – ကျေးရွာစာကြည့်တိုက်ရှိ လျှင် ကျေးရွာရှိလူကြီး၊ လူငယ်များစာဖတ်ခြင်း ဖြင့် အသိပညာဗဟုသုတတိုးပွား၍ ပိုမိုကောင်းမွန်သောလူနေမှုဘဝအားပိုင်ဆိုင်နိုင် ခြင်း |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – လျှပ်စစ် | | | | | |
| • လျှပ်စစ်မီး မရရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • မဟာဓါတ်အားလိုင်းနှင့်နီးခြင်း၊ ကျေးရွာမှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း | • | • ကျေးရွာတွင် ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာ မီးလင်းရေး စီမံချက် |
| ကဏ္ဍ – လူငယ်နှင့်အားကစား | | | | | |
| • လူငယ်များ အားကစားကွင်း ကောင်းကောင်းမရှိခြင်း | • အားကစားကွင်းမကောင်းခြင်း၊ ကစားကွင်း ကျဉ်မြောင်းခြင်း၊ မြေနေရာမညီညွတ်ခြင်း | • မြေနေရာရှိခြင်း၊<br>• လူငယ်များ စိတ်အားထက်သန်မှုရှိခြင်း | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်မရှိခြင်း | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်များနှင့်ချိတ်ဆက်တောင်းခံခြင်း | • ကျေးရွာအားကစားကွင်း အဆင့်မြှင့်တင် ရေး စီမံချက် |

# ကသပေါင်းကျေးရွာ၊ ကသပေါင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | မန်းငွေလာ | မန်းစအို | ၁၄/မမန(နိုင်)၁၄၅၃၈၈ | ၅၀ | ဥက္ကဋ္ဌ | ၀၉-၇၆၈၅၈၆၉၃၉ |
| ၂ | ဒေါ်စန်းငွေ | မန်းဘမောင် | ၁၄/မမန(နိုင်)၂၂၀၄၆၉ | ၄၅ | အတွင်းရေးမှူး | ၀၉-၇၈၅၅၆၂၈၁၄ |
| ၃ | ဦးစတိုးတိုးနိုင် | မန်းစအဲရိုး | ၁၄/မမန(နိုင်)၁၈၉၀၆၉ | ၃၄ | ဘဏ္ဍာရေးမှူး | ၀၉-၇၇၃၇၂၁၆၁၆ |
| ၄ | ဦးစိုးထွန်းနိုင် | မန်းဘဝင်းဈေး | ၁၄/မမန(နိုင်)၂၂၀၄၁၉ | ၃၄ | သော့ကိုင်(၁) | ၀၉-၇၇၂၉၉၇၃၀၃ |
| ၅ | ဒေါ်ဝင်းဝင်းခိုင် | မန်းလတ်သန်း | ၁၄/မမန(နိုင်)၂၂၄၁၉၉ | ၂၉ | သော့ကိုင်(၂) | ၀၉-၇၆၃၄၀၆၈၂၅ |
| ၆ | ဒေါ်ရူဇန်ဇော် | မန်းဇော်ဝင်းလှိုင် | ၁၄/လပတ(နိုင်)၂၄၂၅၈၄ | ၂၃ | စာရင်းကိုင် | ၀၉-၇၉၃၉၄၀၄၆၂ |
| ၇ | ဦးဝေဠုကျော် | မန်းစလှိုင် | ၁၄/လပတန(နိုင်)၂၄၂၄၇၀ | ၂၅ | အဖွဲ့ဝင် | ၀၉-၇၇၉၁၀၁၉၅၈ |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၆ | ၉ | ၂၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၆ | ၃၃ | ၅၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၃ | ၄၆ | ၈၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၄၇ | ၉၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၅၇ | ၃၅၈ | ၇၁၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၃ | ၂၆ |
| စုစုပေါင်း | | ၄၉၈ | ၅၀၆ | ၁၀၀၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၁၆ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းအုပ်စု၊ ကသပေါင်းကျေးရွာသည် လူဦးရေ အလွန်များပြားသော ကျေးရွာတစ်ရွာမဟုတ်ပါ။ ကသပေါင်းကျေးရွာသည် ကရင်တိုင်းရင်းသား အများစု နေထိုင်ပြီး ဗမာလူမျိုး အနည်းစုသာ ရှိပါသည်။ အိမ်ထောင်စု (၂၁၆)စု ၊ လူဦးရေ (၁၀၀၄)ဦး ရှိပါသည်။ ကသပေါင်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၄၉%)၊ ၅နှစ်အောက်ကလေးငယ် (၅.၈၇%)၊ မူလတန်းကျောင်းသာအရွယ် (၈.၈၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၉၆%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၁.၂၁၅%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၂.၅၆%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၈.၇၈%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၃၅၇)ဦး၊ မ (၃၅၈)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၁.၂၁၅%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၈၈၈ | သင့် | အနည်းအကျဉ်း | ချောင်း |
| ယာမြေ | ၁၃.၅၀ | သင့် | | |
| ဥယျာဉ်ခြံမြေ | ၁၁၂ | သင့် | အနည်းအကျဉ်း | ချောင်း |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၂.၅၀ | သင့် | အနည်းအကျဉ်း | ချောင်း |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| ဓနိတော | ၂၆ | သင့် | အနည်းအကျဉ်း | ချောင်း |
| **စုစုပေါင်း** | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကသပေါင်းကျေးရွာသည် လယ်မြေ ဧက (၈၈၈)ရှိပြီး ဥယျာဉ်ခြံမြေ (၁၁၂)ဧကရှိပါသည်။ ယာမြေ(၁၃.၅၀)ဧက၊ ကိုင်း/ကျွန်းမြေ (၂.၅၀) ဧက၊ ဓနိတော(၂၆)ဧကရှိပါသည်။ လယ် ယာ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံ မြေ လုပ်ငန်းအများ ဆုံး လုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေ ရရှိသူများပြားပါသည်။**

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | မရှိ | လက်လှမ်းမမီ |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ<br>(လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | မ်ား | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကသပေါင်းကျေးရွာမှ သဲ၊ ကျောက် များမရရှိနိုင်သာ ၎င်းကျေးရွာ၏အနီး တောင်တန်းကြီးကျေးရွာတွင် အလွယ်တကူ ဝယ်ယူရ ရှိနိုင်ပါသည်။**

### (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | မီးသတ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်း များတွင်ပါဝင်မှုအားကောင်းပါသည် |
| ၂ | ပြည်သူ့စစ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်း များတွင် ဆောင်ရွက်လျက်ရှိပါသည် |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၃ | ဂေါပက | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |
| ၄ | မိဘဆရာများ အသင်း | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ■<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ပညာရေးနှင့် ငွေကြေးလိုအပ်မှုများကို ကူညီပံ့ပိုးပေးသည်။ |
| ၅ | အမျိုးသမီး ရေးရာအဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၆ | ရပ်မိရပ်ဖအဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။ ။ ကသပေါင်းကျေးရွာသည် ပြင်ပအဖွဲ့အစည်းအားဖြင့် မေတ္တာလယ်သမားအဖွဲ့၊ Pact Myanmar အဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေးပိုင်းတွင် ပိုပြီးအားကောင်း၍ ကျေးရွာတွင်း အဖွဲ့အစည်းများသည် ဖွဲ့စည်းထားသော်လည်း စားဝတ်နေရေး**

မပြေလည်မှုကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အချိန်ပေး ပါဝင်မှု အားနည်းပါသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ ကေ အထက် | ၅ ကေမှ ၁၀ကေအောက် | ၂.၅ ကေ အောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ထော် လာဂျီ၊ | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ဥယျာဉ် | မွေးမြူရေး ဥယျာဉ်ခြံ | ကျပန်း | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | **၃၃** | **၂၆** | **၃၀** | **၁၂၇** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကာသပေါင်းကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၂၁၆)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၁၅.၃%)မှာ ဝင်ငွေကောင်းသော စိုက်ပျိုးရေးလုပ်ငန်းနှင့်ဥယျာဉ်လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၁၂%) မှာ ဝင်ငွေအသင့်အတင့်ရသော မွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများကလုပ်ကိုင် အသက်မွေးကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၁၃.၉%)မှာ တစ်ပိုင်တနိုင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် အရောင်းအဝယ်လုပ်ငန်းများနှင့် ကျပန်းဝင်ငွေရလုပ်ငန်းများ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၅၈.၈%) မှာ လယ်ယာမဲ့ များ ဖြစ်ကြပြီး ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။

**(၄.၂) သီးနှံထုတ်လုပ်ရေး**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၃ | ၆၆.၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၅ | ၂.၃၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၅ | ၂.၃၁ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၃၇ | ၁၇.၁၃ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၂၆ | ၁၂.၀၄ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၇၆** | **၁၀၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ကသပေါင်းကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စုမှာ (၃၃.၇၅%)သာရှိပြီး မြေယာမဲ့အိမ်ထောင်စု (၆၆.၂%) ရှိပြီး အများစုမှာ နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။**

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်းဆုံး** | **အများဆုံး** | **ပျမ်းမျှ** | |
| စပါး | ၈၈၈ | တင်း | ၄၀ | ၅၀ | ၄၅ | စိုက်ပျိုးရေ ရရှိမှု နည်းပြီး၊ မျိုးကောင်းမျိုးသန့်များလည်း မရှိပါ။ |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာသည် စပါးကိုသာ အဓိကထား စိုက်ပျိုးပြီး ပဲအနည်းငယ် စိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။ သီးထပ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေအခက်အခဲရှိပါသည်။ စပါး အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန် မရှိ ရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ ပျမ်းမျှထွက်နှုန်းမှာ ၁ကေလျှင် (၄၅)တင်းခန့်သာ ထွက်ရှိပါသည်။ စပါးအထွက် နှုန်းနည်းခြင်း အားဖြင့်မှာ စိုက်ပျိုးရေး၊ နည်းပညာလိုအပ်ခ**

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၈ | ၁၅၁ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၁၁ | ၃၉ |
| သိုး | | |
| ဝက် | ၉၄ | ၂၂၉ |
| ကြက် | ၇၈ | ၄၆၂ |
| ဘဲ | ၂၆ | ၉၀ |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကသပေါင်းကျေးရွာသည် တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | ၃ | | ၄ | နိမ့် |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၄ | | ၆ | နိမ့် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၇ | | ၁၃ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | | ၁ | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၆ | | ၁၃ | လတ် |
| ၇ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | ၈ | | ၂၂ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁၀ | | ၁၈ | လတ် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁၈ | | ၁၆ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၅ | | ၉ | နိမ့် |
| ၁၃ | ကျန်းမာရေး | ၂ | | ၃ | နိမ့် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများပြားသောကြောင့်**

**အခြားအသက်မွေးလုပ်ငန်းလုပ်ကိုင်သူမှာ အနည်းငယ်သာရှိပါသည်။ ကုန်စုံဆိုင်၊ ဈေးဆိုင်သူ ရောင်းချသူ အနည်းအကျဉ်းရှိပါသည်။ ဝန်ထမ်းအနည်းငယ်ရှိ ပြီး နေ့စားအလုပ်သမား(ကျပန်း) (၁၇၆)ဦးရှိပါသည်။**

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

**(၅.၁) ဈေး**

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ■ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ■ ၁၁ မှ ၂၀ မိုင် ☐ ၂၀ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက်☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ■ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ■ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာမှ အနီးဆုံးဈေးမှာ ကြာကန်ကျေးရွာသို့ ဆိုင်ကယ်/ကားဖြင့် သွားရောက်ဝယ်ယူရောင်းချရပါသည်။ အကြီးဆုံးဈေးမှာ ၂၀မိုင်ဝေးကွာသော လပွတ္တာမြို့သို့ သွားရောက်ဝယ်ယူရောင်းချရပါသည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ26

| **လမ်း အမျိုးအစား** | **အမျိုး အစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐ ၂■ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ■ | ပွင့်လင်း ရာသီ ■ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ■ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ |

| **လမ်း အမျိုးအစား** | **အမျိုး အစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ■ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း☐<br>သင့် ■<br>ညံ့ ☐ | ပွင့်လင်း ရာသီ ■<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ■<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာ၏ ရွာတွင်းလမ်း၊ ရွာခြင်းဆက်လမ်း များမှာ မြေသားလမ်းများဖြစ်၍ အရည်အသွေးအားဖြင့် ညံ့လှပါသည်။ တစ်နှစ်ပတ်လုံး သွားလာရ သည်မှာ အခက်အခဲရှိပါသည်။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်း ခင်းပေး မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။**

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| **သယ်ယူပို့ဆောင်ရေး** | **Nearest town အကွာအဝေး (မိုင်)** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ■ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ■ | ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကသပေါင်းကျေးရွာသည် ရေကြောင်းလမ်းအသုံးမပြုပါ ကုန်းလမ်းဖြင့်သာ သယ်ယူပို့ဆောင်ကြပါသည်။**

### (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၆၀ | ၆၆ | | ၁၆ | | | ၁၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ ကသပေါင်းကျေးရွာတွင် ကုန်းလမ်းကို အသုံးပြုများသောကြောင့် ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီများသယ်ယူပို့ဆောင်ကြပါသည်။**

### (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၈၈ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၆ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၂၂ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆိုလာနှင့် ဒီဇယ်အင်ဂျင်သုံးစွဲနိုင်သည့် အိမ်ထောင်စုနည်းပါသည်။ ဖရောင်ထောင် အသုံးပြုသည့် အိမ်ထောင်များကြပါသည်။ လျှပ်စစ်မီးမရရှိသေးပါ။**

### (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၇၄ | ၄၅ | ၇၇ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ပြိုလ်တုစလောင်း စသည့်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနောဖုန်း**

တာဝါတိုင်များလည်း ကျေးရွာအနီးတွင် ရှိသဖြင့် ဆက်သွယ်ရေးမှာ ကောင်းမွန်လှပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၈ | ၆၇ | ၁၂၅ |
| အလယ်တန်း | ၂၈ | ၃၃ | ၆၁ |
| အထက်တန်း | ၁၂ | ၂၀ | ၃၁ |
| တက္ကသိုလ်/ကောလိပ် | ၁၈ | ၁၂ | ၃၀ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ကျောင်းသားအင်အားနှင့် ဆရာ/ဆရာမ ဝန်ထမ်းမှာ လောက်လုံမှုရှိပါသည်။ သို့သော် ကျောင်းသားဦးရေများပြားပြီး ကျေးရွာတွင် မူလွန်အဆင့်သာရှိသော ကြောင့် လက်ရှိကျောင်းဆောင်မှာ (၂)ဆောင်သာ ရှိပါသော ကြောင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးမည်ဆိုလျှင် ကျောင်းသားများအတွက် သင်ကြားမှုတွင် ပိုမို အဆင်ပြေနိုင်ပါမည်။**

### (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ■<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ■<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၉၀×၃၀=၂၇၀၀<br>၁၂၀×၃၀=၃၆၀၀ | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်■ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ■ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐ ညံ့ ■ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်■ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၄ | ၆ | ၃ | ၃ | ၆ | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက် ။ ။ကသပေါင်းကျေးရွာတွင် မူလွန်အဆင့်သာရှိပြီးကျောင်းဆောင်၂ ဆောင်သာ ရှိသောကြောင့် မူကြိုကလေးများအတွက် မူကြိုကျောင်းဆောင်သစ် ဆောက် လုပ်ပေမည်ဆိုပါက ကလေးများအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။ အထက်တန်းပညာရေးကို ကြာကန်ကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ တက္ကသိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။**

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့် ■ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့် ■ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့် ■ မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့် ■ မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့် ☐ မရှိ■ |
| ၆ | တီဘီ | မြင့်☐ နိမ့် ■ မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ နိမ့် ■ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့် ■ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့် ☐ မရှိ■ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့် ☐ မရှိ■ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့် ■ မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ

ရေး႒ာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးစောင့်ရှောက်မှု အသင့်အတင့်ရရှိသော်လည်း (၁)မိုင်ခန့်ဝေးကွာသော ကြာကန်ကျေးရွာ ဆေးပေးခန်းသို့ သွားရောက်ကုသရပါသည်။ ကျေးရွာရှိကျန်းမာရေးအဖွဲ့ စေတနာ့ဝန်ထမ်းများရှိသဖြင့် ကျေးရွာ သားများအနေဖြင့်ကျန်းမာရေး အသိပညာဗဟုသုတများ အနည်းငယ်ရှိကြပါသည်။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | ✔ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✔ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေး႒ာန/ကျေးလက်ကျန်းမာရေး႒ာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကာသပေါင်းကျေးရွာသည် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့မှာ အနည်းငယ်သာ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နာစေးခြင်းစသည့် ဖျားနာမှုများမှာ အဖြစ်များလေ့ရှိသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက်အတိုင်း အချိန် မှန်ထိုးနှံပေး ပါသည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐ | ရှိ ☐<br>မရှိ ■ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ■ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ■<br>၁၀ မိုင်အထက် ☐ | ရှိ ■<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေး ဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာသည် ကာလပေါ်၊ ရာသီပေါ် ရောဂါများ တိုက်နယ်ဆေးရုံရှိရာ ကြာကန်ကျေးရွာသို့ (၅)ဖာလုံအကွာတွင် သွားရောက်ကု သရပါသည်။ အရေးပေါ်အခြေအနေတွင် ပြည်သူ့ဆေးရုံဖြစ်ပသော လပွတ္တာ(၃)မိုင်မြို့သို့ လည်း ကောင်း၊ မြောင်းမြမြို့သို့လည်းကောင်း သွားရောက်ကုသရပါသည်။**

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၆၅ | ကောင်း☐ သင့် ☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၆ | ကောင်း☐ သင့် ☐ ညံ့☐ | |
| အဝီစိတွင်း/ | | ကောင်း☐ သင့်☐ | |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| တိုကင် | | ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်■ ညံ့☐ | |
| စိမ့်စမ်းရေ | ၁ | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာတွင် မြေသားရေကန်(၁)ကန်သာရှိပြီး ၎င်းရေကန်ကိုသာ အဓိကထားသုံးနေကြပြီး မိုးရာသီတွင် ချောင်းပိတ်ဆို့မှုရှိသောကြောင့် ချောင်းရေ ညစ်ညမ်းမှုရှိခြင်းကြောင့် ပတ်ဝန်းကျင် သန့်ရှင်မှု အခက်အခဲများစွာ တွေ့ရှိရပါသည်။**

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၄၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၄၉ |
| တွင်းမရှိ အိမ်သာ | ၁၁ |
| အိမ်သာမရှိ | ၁၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကသပေါင်းကျေးရွာသည် အိမ်ထောင်စု(၂၁၆)ရှိပြီး သန့်ရှင်းသောအိမ်သာ သုံးအိမ်ထောင်စု စုစုပေါင်း(၁၄၂)လုံးရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများမှာ မိမိတို့နှင့်**

**နီးစပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။**

## (၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အမျိုးသမီးဦးဆောင်သောဆင်းရဲသောအိမ်ထောင်စု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေ မရရှိနိုင်ခြင်း |
| ၃ | ရေကြီးခြင်း | မိုးကြီးခြင်း |
| ၄ | မိုးခေါင်ခြင်း | အချိန်အခါမှီ မိုးမရွာခြင်း |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | မိုးရာသီတွင် လေပြင်းမုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း |
| ၇ | လျှော် | မရှိသလောက် နည်းပါးပါသည်။ |
| ၈ | မီးဘေး | မရှိသလောက် နည်းပါးပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | နွေစပါး စိုက်ပျိုး၍ မရရှိနိုင်ခြင်း |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ရာသီဥတုပူပြင်းခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | အနည်းငယ် |
| ၁၃ | တီဘီရောဂါ | အနည်းငယ် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ် |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများသည် ဝမ်းစာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေး ထိခိုက်မှုမှာ အချိန်အတော်မိုးရွာခြင်း ရာသီဥတု ဖောက်ပြန်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ မိုးသည်းထန်စွာရွာ၍ စိုက်ခင်းများ ရေကြီး ရေလျှံ ဖြစ်ခြင်းများ ဖြစ်ပေါ်ပါသည်။**

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | |

| | | |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | အသင့်အတင့် |
| အပင်မျိုးစိတ်များ | လတ် | အနည်းငယ် |
| ရေအရင်းအမြစ် | နိမ့် | အနည်းငယ် |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရာတွင် တောင်သူလယ်သမားများမှာ မြေသြဇာများ နည်းစနစ်တကျအသုံးပြုမှု အားနည်းခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးများသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်း၊ ပျက်ယွင်းခြင်းများဖြစ်လေ့ရှိပါသည်။ စပါးစိုက်ပျိုးချိန်တွင် ပိုးမွှား ကျရောက်မှုများ ရှိနေပါသည်။ စိုက်ပျိုးနည်းပညာဟောပြောရေး၊ လက်တွေ့သင်တန်း များဖွင့် လှစ်ပြီးစနစ်ကျသော စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးပါက သီးနှံအထွက် တိုးလာမည်ဖြစ်ပါသည်။**

**(၁၀ ) ကျား - မ ရေးရာ**

ဇယား (၂၅) ကျား - မ ရေးရာ

| စဥ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ■ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ■ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ် တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ ပုတ်ပြတ် လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။**